# ဂိုရှယ်စစ်တမ်းဆိုသည်နှင့်ပတ်သက်ပြီး ပြန်လည်ရှင်းလင်းတင်ပြချက်

ဂျာမဏီနိုင်ငံ၊ ဟမ်းဘတ်မြို့တွင်သိမ်းဆည်းထားသော သုတေသနအချက်အလက်ဖိုင်တွဲများအထဲတွင် "ဗမာပြည်ကွန်မြူနစ်ပါတီနှင့်ပတ်သက်သောစာရွက်စာတမ်းများ၊ ၁၉၄၅–၁၉၇၇ခုနှစ်"ဟူသည့်ဖိုင်တွဲတတွဲရှိသည်။ ယင်းဖိုင်တွဲ၏စာမျက်နှာ၈၃တွင် " 'ဗမာပြည်မျက်မှောက်နိုင်ငံရေးအခြေအနေနှင့်ကျွန်ုပ်တို့၏လုပ်ငန်းတာဝန်များ' ရေးသူ–ဗတင်၊ ၁၉၄၈ခုနှစ်၊ မတ်လ(?)" ဟူသောစာတမ်း တစောင်လည်းပါရှိသည်။ ဗမာပြည်ကွန်မြူနစ်ပါတီအကြောင်း၊ အထူးသဖြင့် ၁၉၄၈ခုနှစ်တွင် ပြည်တွင်းစစ်စတင် ပေါ်ပေါက်မှုအကြောင်း ရေးသားပြောဆိုကြရာတွင် အနောက်တိုင်းမှစာရေးသူများရော၊ ဗမာပြည်အုပ်စိုးသူလူတန်းစားအား ကိုယ်စားပြုရေးသူများပါ ဤစာတမ်းကိုမကြာခဏကိုးကားလေ့ရှိကြသည်။ ဤစာတမ်းနှင့်ပတ်သက်ပြီးထိုစဉ်က သိမီဖူးသူတဦး၏ရှင်းပြချက်ကို အောက်တွင်ဖော်ပြလိုက်ပါသည်။

အဲဒီစာတမ်းမှာပါတဲ့ အယ်ဒီတာရဲ့မှတ်ချက်များ၊ စာမျက်နှာ၁၂၂မှာ စာတန်းရေးသူအကြောင်းအခုလိုဖော်ပြထားတယ်။ "*၁၉၄၆ခုနှစ်၊ ဩဂုတ်လာတွင် သခင်ဗဟိန်း၏ငှက်ဖျားရောဂါပိုမိုဆိုးဝါးလာသောအခါ သူ(ရဲဘော်ဗတင်)သည် ဗမာပြည်၏အဓိက သဘောတရားရေးဆရာဖြစ်လာလေသည်။*"

ဒါမမှန်ပါဘူး။ သခင်ဗဟိန်းဟာ ၁၉၄၆ခုနှစ်၊ ဒီဇင်ဘာလထဲမှာကွယ်လွန်သွားပါတယ်။ သခင်စိုးပါတီခွဲထွက်သွားပြီးတဲ့နောက် ဗဟိုကော်မတီအစည်းအဝေးကနေ သခင်ဗသိန်းတင်ကို နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်အဖြစ်တာဝန်ပေးခဲ့ပါတယ်။ အဲဒီအချိန်အထိ ရဲဘော်ဗတင်ဟာရန်ကုန်ကိုရောက်မလာသေးပါဘူး။ သူဟာ ၁၉၄၇ခုနှစ်အဆန်းပိုင်းကျမှ ရန်ကုန်ကိုရောက်လာတာဖြစ်ပါတယ်။ နောက်ပြီး ၁၉၄၇ခုနှစ်၊ ဇန်နဝါရီလအကုန်၊ ဖေဖော်ဝါရီလဆန်းလောက်မှာမှ သခင်သိန်းဖေ(သိန်းဖေမြင့်)ကို ပါတီကအရေးယူပြီး ရဲဘော်ဗတင်ကို နိုင်ငံရေးဦးဆောင်အဖွဲ့ထဲမှာ ထည့်တာပါ။

ဒါနဲ့တဆက်ထဲပြောလိုက်ချင်တာက ဗမာပြည်ကွန်မြူနစ်ပါတီအနေနဲ့ ဘရောက်ဒါဝါဒဟာမှားတယ်၊ လက်နက်ကိုင်တော်လှန်ရေးနဲ့သာအာဏာသိမ်းနိုင်မယ်ဆိုတာကို ၁၉၄၆ခုနှစ်၊ ဒုတိယနှစ်ဝက်ထဲမှာ (သခင်စိုးခွဲမထွက်မီ) ပြုလုပ်တဲ့ဗဟိုကော်မတီအစည်းအဝေးတခုကနေ ဆုံးဖြတ်ခဲ့ပါတယ်။ ဘရောက်ဒါဝါဒလမ်းစဉ်ကိုပြင်ရာမှာ အိန္ဒိယကွန်မြူနစ်ပါတီက ကျနော်တို့ပါတီထက်နောက်ကျပါတယ်။ သူတို့က ၁၉၄၇ခုနှစ်ထဲမှာမှပါ။

စာမျက်နှာ၁၂၃မှာတော့ "အိန္ဒိယကွန်မြူနစ်ပါတီသည် သခင်သန်းထွန်းနှင့်သခင်ဗတင်(ဝါ)ဂိုရှယ်တို့ ပါဝင်တက်ရောက်သည့် ဗဟိုကော်မတီကော်မတီ အစည်းအဝေးတခုတွင် ယင်းပေါ်လစီကိုချမှတ်ခဲ့သည်။ အဆိုသောစာရေးသူများ၏ အဆိုအရဆိုလျှင် ဂိုရှယ်သည် "၁၉၄၈ခုနှစ်၏တော်လှန်ရေးအလားအလာများ" ဆိုသောစာတမ်းကို ဤကာလအတွင်းရေးခဲ့ခြင်းဖြစ်ပြီး အိန္ဒိယကွန်မြူနစ်ပါတီမှ အချို့ခေါင်းဆောင်များနှင့်ပင် ဤအကြောင်းဆွေးနွေးခဲ့သည်"လို့ရေးထားပါတယ်။

ဒါလည်းလုံးဝမဟုတ်ပါဘူး။ ပါတီတခုရဲ့ဗဟိုကော်မတီအစည်းအဝေးကို တခြားပါတီတခုကလူတွေတက်လို့ ဘယ်ရလိမ့်မလဲ။ ကျနော်တို့ဆီက ဘယ်သူမှသွားမတက်ပါဘူး။

အဲဒီအောက်အပိုဒ်မှာ "ထို့နောက်သခင်သန်းထွန်းနှင့် ဂိုရှယ်တို့သည် အရှေ့တောင်အာရှလူငယ်ကွန်ဖရင့်နှင့် ယင်းနောက်တွင် ဆက်တိုက်ပြုလုပ်သော ဖေဖော်ဝါရီလ၊ အိန္ဒိယကွန်မြူနစ်ပါတီ၏ ကွန်ဂရက်တို့သို့တက်ရောက်ခဲ့ကြသည်"လို့ ပါရှိပါတယ်။

ဒါလည်းလုံးဝမဟုတ်ပါဘူး။ သခင်သန်းထွန်းနဲ့သခင်ဗသိန်းတင်တို့ဟာ အိန္ဒိယပြည်ကွန်မြူနစ်ပါတီရဲ့ကွန်ဂရက်ကိုသွားတက်ကြတာပါ။ ကွန်မြူနစ်ခေါင်းဆောင်တွေအနေနဲ့ လူငယ်ကွန်ဖရင့်တခုကိုသွားတက်လို့မဖြစ်ပါဘူး။ ဒါကြောင့် သွားလည်းမသွားခဲ့ပါဘူး။ လူငယ်ကွန်ဖရင့်ကိုသွားတက်ခဲ့တာဟာ ရဲဘော်အောင်ကြီး၊ ရဲဘော်အောင်မင်းတို့ဖြစ်ကြပါတယ်။ နောက်ပြီး တချို့လူတွေရေးကြ၊ ပြောကြသလို ဒီလူငယ်ကွန်ဖရင့်ကနေ အာရှတိုက်အတွင်းလက်နက်ကိုင်တိုက်ပွဲလုပ်ရမယ်လို့ ဆုံးဖြတ်တယ်ဆိုတာလည်း လုံးဝမဟုတ်ပါဘူး။ ကွန်မြူနစ်ပါတီတွေအတွက် လုပ်ငန်းစဉ်လမ်းစဉ်ကို လူငယ်ကွန်ဖရင့်ကနေ ဆုံးဖြတ်ချမှတ်တယ်ဆိုတာလုံးဝအဓိပ္ပာယ်မရှိတဲ့ဟာပဲ။

တကယ်က ဒီလိုလုပ်ကြံဖန်တီးမှုတွေဟာ ကျနော်တို့ပါတီကို "အိန္ဒိယကွန်မြူနစ်ပါတီရဲ့နောက်လိုက်"၊ နိုင်ငံခြားပါတီတွေရဲ့ ညွှန်ကြားချက်အတိုင်းလုပ်နေသူ၊" "ပြည်တွင်းစစ်ကိုအစီအစဉ်ရှိရှိနဲ့ဖန်တီးခဲ့သူ" စသဖြင့်အမနာပ၊ သားပုပ်လေလွင့်ပြောတာတွေဖြစ်ပါတယ်။ အခုပြောခဲ့တဲ့အချက်အလက်တွေကိုပြန်ကြည့်ရင်ပဲ ရှင်းနေပါတယ်။ ဒီနေရာမှာနောက်ထပ်အချက်တခု ဖြည့်ပြီးပြောပါရစေ။

၁၉၄၈ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ ရဲဘော်ဗတင်က အိန္ဒိယကွန်မြူနစ်ပါတီဗဟိုဌာနချုပ်ကို ခဏသွားချင်တယ်လို့ ပါတီကိုတင်ပြလို့ ကျန်တဲ့နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်နှစ်ဦးက သဘောတူလိုက်ကြပါတယ်။ သူဘုံဘေကိုရောက်ပြီးနောက် အိန္ဒိယကွန်မြူနစ်ပါတီကထုတ်တဲ့ "ပြည်သူ့ခေတ်" (People's Age) ဂျာနယ်ထဲမှာရဲဘော်ဗတင်ရေးတယ်ဆိုတဲ့ "မျက်မှောက်အခြေအနေနှင့်လုပ်ငန်းတာဝန်များ"ဆိုတဲ့ စာတမ်းပါလာပါတယ်။ အဲဒီစာတမ်းမှာ "ဗမာပြည်ကွန်မြူနစ်ပါတီရဲ့လုပ်ငန်းစဉ်ဟာ လက်ယာကျ

နေတယ်၊ ဒါကြောင့်ပြင်ရမယ်" ဆိုတဲ့သဘောမျိုးပါဝင်ပါတယ်။

ကျနော်တို့ပါတီဟာ ၁၉၄၆ခုနှစ်မှာပဲ ဘရောက်ဒါဝါဒကိုစွန့်ပစ်ခဲ့ကြပြီပဲ။ အခုဒီဆောင်းပါးဟာ ပါတီကိုအသိမပေးဘဲ၊ ပါတီလမ်းစဉ်ကိုဆန့်ကျင်ပြီးရေးထားတာဖြစ်လို့ ရဲဘော်ဗတင်ကိုနိုင်ငံရေးဦးဆောင်အဖွဲ့နဲ့ ဗဟိုကော်မတီတို့က ဒါနဲ့ပတ်သက်ပြီးပြင်းပြင်းထန်ထန်ဝေဖန်ကြတယ်။ ဒီအရင်လေးတင်ကပဲ သခင်သိန်းဖေဟာ ခနေရှင်သတင်းစာတစောင်ထဲကနေ ပါတီကိုတိုက်ခိုက်ရေးထားလို့ အရေးယူခဲ့ရပြီးပြီ။ ရဲဘော်ဗတင်ကဒီဆောင်းပါးကို သူရေးတာမဟုတ်ပါဘူး၊ အိန္ဒိယကွန်မြူနစ်ပါတီခေါင်းဆောင်းတယောက်က သူ့နာမည်နဲ့ရေးတာပါလို့ ပြန်လည်ဖြေရှင်းတာနဲ့ ဒီကိစ္စဒီတင်ရပ်သွားခဲ့ပါတယ်။

စဉ်းစားကြည့်ပါ။ ဂိုရှယ်စစ်တမ်းဆိုတာတကယ်ရှိခဲ့ရင် ၁၉၄၈ခုနှစ်၊ မတ်လထဲမှာ တောက်လျှောက်လုပ်နေတဲ့(ညတိုင်းပဲ) ဗဟိုကော်မတီအစည်းအဝေးတွေမှာ သူကဘာဖြစ်လို့"သပိတ်စုံ–သူပုန်ထ"အယူအဆကိုတင်နေမလဲ။ ဒီအယူအဆဟာဂိုရှယ်စစ်တမ်းဆိုတာထဲကစိတ်ဓာတ်နဲ့ တခြားစီပဲ။ ရန်သူကမတ်လ၂၈ရက်နေ့မှာ လက်နက်နဲ့စတင်ဖိနှိပ်လာတဲ့နောက် ရန်ကုန်၊ ကျောက်ကြီး ပေါက်၊ စွယ်တော်မြိုင်တို့မှာပြုလုပ်ခဲ့တဲ့ အစည်းအဝေးလေးကြိမ်မှာလည်း ရဲဘော်ဗတင်ဟာ"ကျေးလက်အခြေခံမြို့ကိုဝိုင်း"ဆိုတဲ့ လမ်းစဉ်ကိုတောက်လျှောက်ဆန့်ကျင်ခဲ့တယ်။

တကယ်က ဂိုရှယ်စစ်တမ်းဆိုတာ နှုတ်နဲ့သော်လည်းကောင်း၊ စာနဲ့သော်လည်းကောင်း၊ လုံးဝမရှိခဲ့ပါဘူး။ ပြည်တွင်းစစ်ဖြစ်ရေးဆိုတာဘယ်တုန်းကမှ ပါတီရဲ့လမ်းစဉ်မဖြစ်ခဲ့ပါဘူး။ အဲဒီတုန်းက ပါတီရဲ့လက်နက်ကိုင်တိုက်ပွဲမြားဦးဟာ နောက်ဆုံးအချိန်အထိ အင်္ဂလိပ်နယ်ချဲ့သမားပဲ။ ပြည်တွင်းစစ်မဟုတ်ဘူး။ ဒီနောက်ဆုံးတိုက်ပွဲလမ်းစဉ်ကိုလည်း တပြည်လုံးအနှံ့တရားဝင်ဖြန့်ထားတာပဲ။

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့သမိုင်းနဲ့ပတ်သက်ပြီး ပြည်တွင်းပြည်ပဖောက်ပြန်ရေးသမားတွေက လည်ဆယ်ထားကြတာကို လူထုတွေယုံမှတ်မှားနေကြတာ မနည်းပါဘူး။ တခြားလည်းရှိပါသေးတယ်။ နောင်အလျဉ်းသင့်ရင် သင့်သလိုပြောသွားကြတာပေါ့။

(၁၉၉၂ခုနှစ်၊ နိုဝင်ဘာလ ၇ရက်နေ့ထုတ်၊ ပြည်သူ့အာဏာဂျာနယ် အမှတ် ၁၁တွင်ထည့်သွင်းဖော်ပြခဲ့သောဆောင်းပါးဖြစ်ပါသည်)